# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 15 , 2024 Volume 76, Number 11

၁၅.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၆၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၇၃၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၇.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၇.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၈.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၉၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၆၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## တရုတ်သို့တင်ပို့နေသည့် မြန်မာ့ဖရဲဈေးကွက်ကို လာအိုဖရဲဈေးကွက်က ဝင်ရောက်နေရာယူထားဟုဆို



ပြီးခဲ့သည့် ကိုဗစ်ကာလနှင့် နယ်စပ်ဒေသပဋိပက္ခအခြေအနေများအတွင်း တရုတ်နိုင်ငံ၏ ကန့်သတ်ချက်များကြောင့် မြန်မာ့ဖရဲဈေးကွက်ပျောက်ခဲ့ရပြီး လာအိုဖရဲဈေးကွက်က ဝင်ရောက်နေရာယူထားကြောင်း သစ်သီးကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

ပြီးခဲ့သည့် နှစ်သစ်ကူးကာလအတွင်း မြန်မာ့ဖရဲဈေးကွက်သည် ဈေးကောင်းရခဲ့သော်လည်း ယခုအခါ အဝယ်အေးပြီး ဈေးကျနေကြောင်း သိရသည်။ "လာအိုဖက်ကနေ တရုတ်ပို့တဲ့ သစ်သီးဝလံတွေ မြန်မာဖက်က ၂၀၁၉ ကစတဲ့ အခက်အခဲကာလတွေမှာ အခွင့်အရေးယူပြီး ဈေးကွက်ဝေစုကို ၅၀ ရာခိုင်နှုန်းကျော် ခွဲဝေယူသွားတယ်။ မြန်မာ့ဖရဲတွေကို တရုတ်ဝယ်လက်တွေ ပထမပိုင်းဝယ်သွားတဲ့ ဖရဲတွေမှာ အပုပ်အနာများပြီး ဆုံးရှုံးမှုများခဲ့တယ်။ ဖရဲတွေထပ်ဝယ်ဖို့ လက်နှေးလာရတယ်။ ဒီအချိန် သစ်သီးရဲ့အားနည်းချက် တချို့တလေထပ်မြင်တော့ လက်တွန့်ကုန်တာလည်းပါမယ်။ အဲဒါကြောင့် ဈေးကွက်ကအေးသွားတာ"ဟု သစ်သီးကုန်သည်တစ်ဦးက ပြောသည်။

ယင်းအခြေအနေကြောင့် တရုတ်ဝယ်လိုအားကို သတိဖြင့်စောင့်ကြည့်ကာ တင်ပို့မှုကိုခြိုး၍ အလုံးသန့်များကိုသာ တင်ပို့ရောင်းချရန်လည်း သတိပေးထားသည်။ ထို့ပြင် ပြည်ပတင်ပို့မှုကျဆင်းနေချိန် ပြည်တွင်းဈေးကွက်ကိုသာ အဓိကထား တင်ပို့

ရောင်းချရန်စီစဉ်နေပြီး ပြည်တွင်းစားသုံးသူများအနေဖြင့် ဖရဲသီးများများ စားပေးရန်လည်း သစ်သီးကုန်သည်များက တိုက်တွန်းထားသည်။

ပြည်တွင်း၌ ဖရဲစိုက်ဧကပေါင်း ငါးသောင်းကျော် နှစ်စဉ်စိုက်ပျိုးလေ့ရှိပြီး တရုတ်ဈေးကွက်သို့ နှစ်စဉ်ဖရဲသီးတန်ချိန် ခြောက်သိန်းမှရှစ်သိန်းကြား တင်ပို့လျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာလမှမေလအတွင်းသည် ဖရဲသီးလှိုင်လှိုင်ပေါ်သည့်ကာလဖြစ်ပြီး တရုတ်ဝယ်လက်ကိုသာ အဓိက အားထားနေရသည့်အတွက် လက်ရှိအခြေအနေတွင် ဆုံးရှုံးနစ်နာမှုများနှင့် ရင်ဆိုင်နေကြရကြောင်း တောင်သူများကဆိုသည်။

**Source:** https://www.popularmyanmar.com/?p=151930

## မြန်မာမှ ဆန်အပြင် ချင်းနှင့်ကြက်သွန်ကို MOU ဖြင့်ဝယ်ယူရန် ဘင်္ဂလားဒေ့ရှ် ပြင်ဆင်နေ

ဘင်္ဂလားဒေ့ရှ်အစိုးရက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) နဲ့ မဟာဗျူဟာမြောက် ဆောင်ရွက်မှုမှာ ဆန်သဘောတူညီချက်ကိုပြင်ဆင်နေပြီး မကြာမီ နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးသွားဖို့ရှိနေကြောင်း Financial Express က ဖော်ပြလာပါတယ်။

ဘင်္ဂလားဒေ့ရှ်က ၎င်းရဲ့ကြီးထွားလာနေတဲ့ ဝယ်လိုအားကို ဖြည့်ဆည်းဖို့နဲ့ သိုလှောင်လက်ကျန်တွေ ပြန်လည်ဖြည့်တင်းရေးအတွက် မြန်မာ့ပုဂ္ဂလိကကဏ္ဍကနေ ဆန်နဲ့အခြားလယ်ယာထွက်ကုန်တွေ ဝယ်ယူဖို့ပြင်ဆင်နေတာပါ။

ဘင်္ဂလားဒေ့ရှ် စီးပွား/ကူးသန်းဝန်ကြီးဌာနက MOU မူကြမ်းကို သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပုဂ္ဂိုလ်တွေထံ ဖြန့်ဝေခဲ့ပြီး မိမိတို့ထင်မြင်ယူဆချက်တွေကို မတ်လ ၁၀ ရက်နေ့ နောက်ဆုံးထားပေးပို့ကြဖို့ ဝန်ကြီးဌာနရဲ့ မကြာသေးမီကတွေ့ဆုံမှုအရ သိရပါတယ်။

ဘင်္ဂလားဒေ့ရှ်အစိုးရရဲ့ သဘောထားပြုမှုအတွင်း မြန်မာနိုင်ငံကနေ ဆန်အပြင် ချင်း၊ ကြက်သွန်ဖြူ/နီတို့ကို MOU အရ ပံ့ပိုးမှု ရရှိဖို့ ဆန္ဒရှိနေတာပါ။

ပြီးခဲ့တဲ့နှစ် အောက်တိုဘာလမှာ မြန်မာနိုင်ငံက MOU ပထမမူကြမ်းကို ပြန်လည်သုံးသပ်ဖို့ ပေးပို့ခဲ့တယ်လို့ ဘင်္ဂလားဒေ့ရှ် စီးပွား/ကူးသန်း အရာရှိတွေက ပြောပါတယ်။

နားလည်မှုစာချွန်လွှာကို မကြာမီလက်မှတ်ရေးထိုးတော့မှာဖြစ်တာကြောင့် အပြီးသတ်နိုင်ဖို့ ပြင်ဆင်ထားတဲ့မူကြမ်းပါ အသေးစိတ်အချက်အလက်တွေကို အလွန်အကျွံအပြောင်းအလဲတွေ မပြုလုပ်ဖို့လည်း ဝန်ကြီးဌာနဘက်က တောင်းဆိုထားပါတယ်။

ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုကော်ပိုရေးရှင်းဥက္ကဋ္ဌ Md Ariful Hassan က အစိုးရချင်း သဘောတူစာချုပ်မှာ လိုအပ်တဲ့ လယ်ယာထွက်ကုန်တွေ ဝယ်ယူရေးအတွက် လွယ်ကူချောမွေ့စေဖို့ ကူညီပေးမယ်လို့ ပြောကြားထားပါတယ်။

၂၀၂၂ ခုနှစ် စက်တင်ဘာလမှာ ဘင်္ဂလားဒေ့ရှ်-မြန်မာ အစိုးရချင်း ရေးထိုးထားတဲ့ MOU အရ ၂၀၂၂ ခုနှစ်ကနေ ၂၀၂၇ ခုနှစ် အထိ နှစ်စဉ် ဆန်တန်ချိန် နှစ်သိန်းခွဲနဲ့ ပေါင်းဆန်တန်ချိန် ငါးသောင်း တင်ပို့ရောင်းချပေးရမယ်လို့ သိရပါတယ်။

**Source: BETV Business**

## ဆန်၊ ဆန်ကွဲ၊ ဖွဲနုဈေးများ အနည်းငယ်မြင့်တက်လာ

ပဲခူးကုန်စည်ဒိုင်တွင် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ (၈.၃.၂၀၂၄) ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ) တစ်အိတ်လျှင် (၇၈,၀၀၀ိ/-)၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ်လျှင် (၁,၂၀,၀၀၀ိ/-)၊ ပေါ်ဆန်းမွှေးဆန်(သစ်) တစ်အိတ်လျှင် (၁,၀၀,၀၀၀ိ/-)၊ ဆန်ကွဲ(1,2) တစ်အိတ်လျှင် (၅၀,၀၀၀ိ/-)၊ ဆန်ကွဲ(2,3,4) တစ်အိတ်လျှင် (၄၈,၀၀၀ိ/-) နှင့် ဖွဲနုတစ်အိတ်လျှင် (၁၅,၃၀၀ိ/-)တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ (၁၅.၃.၂၀၂၄) ရက်နေ့တွင် ဧည့်မထ ဆန်(မနောသုခ)တစ်အိတ်လျှင် (၈၁,၀၀၀ိ/-)၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ်လျှင် (၁,၃၀,၀၀၀ိ/-)၊ ပေါ်ဆန်းမွှေး ဆန်(သစ်) တစ်အိတ်လျှင် ၁,၁၀,၀၀၀ိ/-)၊ ဆန်ကွဲ(1,2) တစ် အိတ်လျှင် (၅၄,၀၀၀ိ/-)၊ ဆန်ကွဲ(2,3,4) တစ်အိတ်လျှင် (၅၂,၀၀၀ိ/-)နှင့် ဖွဲနု တစ်အိတ်လျှင် (၁၅,၆၀၀ိ/-) တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနောသုခ) တစ်အိတ်လျှင် (၃၀၀၀ိ/-)၊ ပေါ်ဆန်းမွှေး ဆန်(ဟောင်း) တစ်အိတ်လျှင် (၁၀,၀၀ဝိ/-)၊ ပေါ်ဆန်းမွှေးဆန်(သစ်) တစ်အိတ်လျှင် (၁၀,၀၀ဝိ/-)၊ ဆန်ကွဲ (1,2) တစ်အိတ်လျှင် (၄၀၀ဝိ/-)၊ ဆန်ကွဲ (2,3,4) တစ်အိတ်လျှင် (၄၀၀ဝိ/-) နှင့် ဖွဲနုတစ်အိတ်လျှင် (၃၀ဝိ/-) တို့ဖြင့် ဈေးမြင့်တက်ခဲ့ပါသည်။ ဆန်၊ ဆန်ကွဲ၊ ဖွဲနုဈေးမြင့်တက်သွားခြင်းမှာ ဝယ်လိုအားကောင်းလာ၍ အဝယ်လိုက်လာခြင်း ကြောင့်ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှသိရသည်။

Source: **ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပြည်တွင်းသုံး ကုလားပဲ အနည်းငယ်ဈေးမြင့်တက်လာပြီး ပဲစင်းငုံမှာ ဈေးကျဆင်းနေ



ပြည်တွင်းသုံးကုလားပဲအုပ်စု ဈေးပြန်မြင့်တက်လာပြီး ပို့ကုန်ပဲစင်းငုံဈေးကျဆင်းနေကြောင်း ပဲကုန်သည်များထံက သိရသည်။ ပို့ကုန်ပဲများဈေးကျဆင်းရာကနေ အနည်းငယ်သာဈေးပြန်တက်လာသလို ပြည်တွင်းသုံး ကုလားပဲအုပ်စုနှင့် မြေပဲဆန်ဈေး အရောင်းအဝယ်သွက်နေခြင်းဖြစ်သည်။ ဈေးကွက်အတွင်း အသစ်ဝင်ပဲများ ဝင်ရောက်လာမှုကြောင့် ဈေးကျဆင်းမှုများရှိနေပြီး လက်ရှိပေါက်ဈေးများမှာ လှောင်လက်သမားများ အကြိုက်အဝယ်ကောင်းနေကြောင်း၊ တရုတ်လိုင်းလမ်းကြောင်း ပြန်ကောင်းလာတာကြောင့် ပဲကြီး၊ ပဲထောပတ်၊ မြေပဲလုံးဆန်တို့သာ ဈေးကောင်းနေခြင်းဖြစ်ကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။

"ဈေးကျဆင်းနေတဲ့ ကုလားပဲအုပ်စု ဈေးပြန်တက်လာပါတယ်။ ကုလားပဲအသစ်တွေကလည်း အဝင်များလာပေမဲ့ ဈေးမကျဘဲ ခပ်မာမာရှိနေပါတယ်။ ကုလားပဲကို လှောင်လက်သမားတွေ အဝယ်ကောင်းနေသလို တရုတ်အဝယ်လိုင်းကို ထွက်နေပါတယ်။ ပို့ကုန် ပဲစင်းငုံကတော့ သီတင်းပတ်လုံး ဈေးကျဆင်းနေတာကနေ ပြန်တက်လာပါတယ်။ ပဲမာလိုင်းထဲက မြေထောက်ပဲ၊ ပဲနီပြာ၊ ပဲကြီး၊ ထောပတ်ပဲတွေ ထူးထူးခြားခြား ဈေးကျဆင်းနေလို့ လှောင်လက်သမားအကြိုက်ဈေးတွေ ဖြစ်နေပါတယ်။ အသစ်ဝင် ပဲမာလိုင်း ဈေးကျဆင်းနေသော်လည်း အဝင်ရှိသလောက် အဝယ်ရှိနေပါတယ်။ မြေပဲဆံတွေကတော့ တရုတ်လိုင်း အဝယ်ပြန်ကောင်းလို့ ဈေးကောင်းနေပါတယ်။ နှမ်းမျိုးစုံ ဈေးကွက်ကတော့ ပုံမှန်သာအရောင်းအဝယ်ရှိပါတယ်" ဟု ၎င်းကပြောသည်။

မတ် ၁၄ ရက်တွင် ပို့ကုန်ပဲများ ဈေးပြန်မြင့်တက်လာရာ မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၈၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃,၆၆,၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၁,၆၀,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ်ဈေးကျဆင်းနေရာက ပြန်တက်လာရာ မတ် ၁၄ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂,၅၇,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂,၅၈,၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၄၈,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၅၂,၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အသစ်ဝင်ရောက်မှုများလာတာကြောင့်လည်း ဈေးကျဆင်းနေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂,၈၅,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄,၁၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၃၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၈၅,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၄၅,၀၀၀ ပေါက်ဈေးရှိပြီး တရုတ်လိုင်းအဝယ်ရှိလာတာကြောင့် မြေပဲအနီလုံးဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၈၁၀၀-၈၃၀၀ ဈေးကျဆင်းနေသည်။

မတ် ၁၄ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ်ဈေးမြင့်တက်လာရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄,၁၀,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃,၀၀,၀၀၀၊ နှမ်းဝါတစ်အိတ်လျှင် ငွေကျပ် ၃,၂၅,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄,၁၀,၀၀၀ အသီးသီးပေါက်ဈေးရှိလာကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ကန့်ဘလူမြို့တွင် ရောင်းချလျက်ရှိသော မြန်မာ့လက်မှုလက်ရာ ထန်းလျှော်နှင့်ဝါးနီးထွက်ပစ္စည်း ဈေးနှုန်းများ




လူတို့သည် နေ့စဉ်နံနက်အိပ်ရာနိုးထချိန်မှအစပြုကာ တစ်နေ့တာလုပ်ငန်းများကို ပြီးမြောက်အောင် ကြိုးစားလုပ်ကိုင်ခဲ့ကြပြီး ပင်ပန်းခဲ့သမျှကို အိပ်စက်ခြင်းဖြင့် အနားယူကြသည်။ အခြေခံလူတန်းစားများအတွက်တော့ အိပ်စက်ရာတွင် ဝါးနီးဖျာသည် မရှိမဖြစ် အရေးပါသောပစ္စည်းတစ်ခုဖြစ်သည်။ ဒေသထွက် ဝါးနီးဖျာအချော(၁)ချပ်လျှင် ၂၂,၀၀၀ ကျပ်နှင့် အကြမ်း (၁)ချပ်လျှင် ၁၇၀၀၀ ကျပ်ဖြင့်ရောင်းချကြောင်း၊ ထန်းလျှော်ဖြင့် ရက်လုပ်ထားသည့် ထန်းလျှော်ဖျာ(၁)ချပ်လျှင် အသေး၊ အကြီးပေါ်မူတည်၍ ၁၂,၀၀၀ ကျပ်မှ ၂၀,၀၀၀ကျပ်ထိ ရောင်းချရကြောင်း၊ မန္တလေးဘက်မှ ဝင်ရောက်သည့်သင်ဖြူးဖျာမှာ ဈေးအကြီးဆုံးဖြစ်ပြီး ၁၁,၀၀၀ ကျပ်မှ ၅၅,၀၀၀ ကျပ်ထိ ရောင်းချရကြောင်း၊ အခြားအသုံးအဆောင်ပစ္စည်းများဖြစ်သည့် ထန်းခေါက်ထိုင်ခုံ(၁)တစ်လုံးလျှင် ၇၀၀၀ ကျပ်၊ ထန်းလျှော်တောင်း အကြီး(၁)လုံးလျှင် ၇၅၀၀ ကျပ်၊ ထန်းလျှော်လက်ဆွဲခြင်း(၁)လုံးလျှင် ၃၀၀၀ကျပ် မှ ၅၅၀၀ ကျပ်ဖြင့် ရောင်းချကြောင်း သိရသည်။

ဝါးနီးဖြင့်ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းဈေးနှုန်းများမှာ ဝါးခမောက်အသေးအကြီးပေါ်မူတည်၍ ၂၂၀၀ ကျပ်မှ ၂၇၀၀ ကျပ်၊ ဂျိုခမောက်(၁)ချပ်လျှင် ၄၀၀၀ ကျပ်၊ တောင်သူများ အသုံးပြုသည့် ရိုင်(၁)လိပ်လျှင် ၂၃,၀၀၀ ကျပ်၊ တင်းတောင်း (၁)လုံးလျှင် ၁၂,၀၀၀ ကျပ်၊ ကလေးများအတွက် ဝါးနီးပုခက်(၁)ခုလျှင် ၇၀၀၀ ကျပ်၊ ထမင်းစားပွဲအုပ်ဆောင်း (၁)ခုလျှင် ၅၀၀၀ ကျပ်၊ ကြက်အုပ်ဆောင်း(၁)လုံးလျှင် ၇၀၀၀ ကျပ်၊ ဆန်ကော(၁)ချပ်လျှင် ၄၀၀၀ ကျပ်၊ ဆန်ကာ(၁)ချပ်လျှင် ၃၀၀၀ ကျပ်၊ သောက်ရေအိုးဖုံး(၁)ချပ်လျှင် ၁၀၀၀ကျပ်မှ ၁၂၀၀ ကျပ်ထိရှိကြောင်း၊ တံမြက်စည်းကြမ်း(၁)ချောင်းလျှင် ၃၅၀၀ ကျပ်မှ ၄၅၀၀ ကျပ်၊ တံမြက်စည်းနု(၁)ချောင်းလျှင် ၁၈၀၀ မှ ၂၅၀၀ ကျပ်၊ နွားချေးပစ်ခြင်းတောင်း(၁)လုံးလျှင် ၁၈၀၀ ကျပ်မှ ၂၀၀၀ ကျပ်ဖြင့် ရွှေဘိုမြို့ဝါးနီးပစ္စည်းအရောင်းဆိုင်မှ မှာယူရောင်းချကြောင်း သိရသည်။

**Source: https://www.doca.gov.mm**

## အောင်လံကုန်စည်ဒိုင်၏ သီးနှံမျိုးစုံဈေးနှုန်းများနှင့် အရောင်းအဝယ်ဖြစ်မှုအခြေအနေ



မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ အောင်လံကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ်၊ မတ်လ (ပထမပတ်)အတွင်း လယ်ယာထွက်ကုန် သီးနှံမျိုးစုံဖြစ်သည့် နှမ်းနှင့်ပဲမျိုးစုံသီးနှံများ ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိရာ နှမ်းနက်(စမုန်) (၄၅)ပိဿာပါ (၁)အိတ်လျှင် ကျပ် (၃,၅၀,၀၀၀–၃,၈၀,၀၀၀)ဖြင့် အိတ်(၆၀၀)ကိုလည်းကောင်း၊ နှမ်းပြာ (၄၅)ပိဿာပါ (၁)အိတ်လျှင် ကျပ် (၃,၄၀,၀၀၀)ဖြင့် အိတ်(၁၅၀)ကို လည်းကောင်း၊ နှမ်းနီ (၄၅)ပိဿာပါ (၁)အိတ်လျှင် ကျပ် (၃,၄၀,၀၀၀)ဖြင့် အိတ်(၁၂၅)ကို လည်းကောင်း၊ နှမ်းဖြူ (၄၅)ပိဿာပါ (၁)အိတ်လျှင် ကျပ် (၃,၅၀,၀၀၀)ဖြင့် အိတ်(၇၀)ကိုလည်းကောင်း၊ နှမ်းသီးနှံမှာ ဖေဖော်ဝါရီလ(စတုတ္ထပတ်) မှ မတ်လ (ပထမပတ်)အထိ ဈေးနှုန်းများပြောင်းလဲခြင်းမရှိဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ကုလားပဲ (HL) (၁)တင်းလျှင် ကျပ်(၈၇,၀၀၀–၈၉,၀၀၀)ဖြင့် (၃၀)ပိဿာပါ အိတ် (၂၇၀)အိတ်ကိုလည်းကောင်း၊ ကုလားပဲ (မြကြေး) (၁)တင်းလျှင် ကျပ်(၈၇,၀၀၀–၉၅,၀၀၀)ဖြင့် (၃၀)ပိဿာပါအိတ် (၂၀၀)အိတ်ကိုလည်းကောင်း၊ မတ်ပဲ(၁)တင်းလျှင် ကျပ်(၉၂,၀၀၀–၉၅,၅၀၀)ဖြင့် (၃၀)ပိဿာပါ အိတ်(၂၅၀)အိတ်ကိုလည်းကောင်း၊ ပဲစင်းငုံနီ(၁)တင်းလျှင် ကျပ် (၁,၁၇,၄၀၀–၁,၂၅,၈၀၀)ဖြင့် (၃၀)ပိဿာပါ အိတ်(၉၀၀)အိတ်ကို လည်းကောင်း၊ ဘိုကိတ်ပြာ (၁)တင်းလျှင် ကျပ်(၆၅,၀၀၀–၆၇,၀၀၀)ဖြင့် (၃၀)ပိဿာပါ အိတ်(၈၀)အိတ်ကိုလည်းကောင်း၊ ပဲတီစိမ်း(ဆောင်း) (၁)တင်းလျှင် ကျပ်(၆၈,၀၀၀)ဖြင့် (၃၀)ပိဿာပါ အိတ်(၄၀၀)အိတ်ကိုလည်းကောင်း၊ ပဲတီစိမ်း(မိုး) (၁)တင်းလျှင် ကျပ်(၅၈,၀၀၀)ဖြင့် (၃၀)ပိဿာပါ အိတ်(၁၇၀)အိတ်ကိုလည်းကောင်း၊ ပဲကြီး(၁) တင်းလျှင် ကျပ်(၉၂,၀၀၀–

၁,၀၁,၀၀၀)ဖြင့် (၃၀)ပိဿာပါ အိတ်(၃၀၀) အိတ်ကိုလည်းကောင်း၊ မြေပဲလုံးဆန်(ဖြူ)(၁)ပိဿာလျှင် ကျပ်(၆၅၀၀-၆၈၀၀) ဖြင့် (၃၀)ပိဿာဝင် အိတ် (၄၅၀) အိတ်ကိုလည်းကောင်း၊ မြေပဲလုံးဆန်(နီ) (၁)ပိဿာလျှင် ကျပ်(၇၀၀၀-၇၅၀၀)ဖြင့် (၃၀)ပိဿာဝင် အိတ်(၁၂၀)အိတ်ကိုလည်းကောင်း၊ မြေပဲတောင့်အစို (၁)တင်းလျှင် ကျပ် (၂၇,၀၀၀-၂၈,၀၀၀)ဖြင့် (၃၀၀၀)တင်းကိုလည်းကောင်း၊ ဝါ(၁) ပိဿာလျှင် ကျပ်(၃၁၀၀-၃၄၀၀)ဈေးနှုန်းဖြင့် ပိဿာ(၁၃,၀၀၀) အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့သည်။

ပဲကြီး၊ ကုလားပဲသီးနှံတို့မှာ သီးနှံအသစ်ထွက်ရှိလျက်ရှိပြီး ပဲကြီးဈေးနှုန်းမှာ ယခုတစ်ပတ်အတွင်း ဈေးနှုန်းအနည်းငယ် ကျဆင်းမှုရှိခဲ့သဖြင့် အရောင်းအဝယ် ခပ်ပါးပါးမျှသာရှိပါကြောင်းနှင့် ပဲစင်းငုံနီမှာ ယခုတစ်ပတ်အတွင်း အတက်ဈေးနှုန်းရှိခဲ့သဖြင့် အရောင်းအဝယ်အနည်းငယ်မြင့်တက်ခဲ့ပြီး အခြားပဲမျိုးစုံသီးနှံတို့မှာ ပုံမှန်အရောင်းအဝယ်ရှိခဲ့ပါကြောင်း၊ ဝါသီးနှံကို ရန်ကုန်မြို့သို့လည်းကောင်း၊ နှမ်းနက်စမုန်၊ နှမ်းပြာ၊ နှမ်းဖြူတို့ကို မန္တလေးမြို့သို့လည်းကောင်း၊ နှမ်းနီကို အောင်လံမြို့နယ် တွင်းရှိ ဆီစက်လုပ်ငန်းရှင်များသို့လည်းကောင်း၊ ကုလားပဲနှင့်ပဲကြီးတို့ကို အောင်လံမြို့နယ်တွင်းရှိ ကုလားပဲခွဲစက်များသို့ ပေးပို့ ရောင်းချရပါကြောင်း၊ မြေပဲလုံးဆန်နီနှင့် မြေပဲလုံးဆန်ဖြူတို့ကို အောင်လံနှင့်သရက်မြို့နယ်ရှိ ပဲကြော်လုပ်ငန်းရှင်များသို့ ပေးပို့ရောင်းချလျက်ရှိပါကြောင်း အောင်လံကုန်စည်ဒိုင်မှ သိရှိရပါသည်။

**Source: https://www.doca.gov.mm**

## တောင်တွင်းကြီးမြို့နယ် သဖန်းကုန်းကျေးရွာ၌ ဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သဖန်းကုန်းကျေးရွာ၌ ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူများသည် နေကြာကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ ပြီးခဲ့သည့်နှစ်ကထက် စိုက်ပျိုးသူများပြားလာကြောင်းနှင့် ဆီထွက်သီးနှံများအနက် နေကြာမှာ သီးထပ်သီးညှပ်အပြင် နေကြာတစ်မျိုးတည်း သီးသန့်ဖြင့် ရာသီမရွေး မျိုးစေ့ဈေးနှုန်းသက်သာစွာ ဝယ်ယူစိုက်ပျိုးနိုင်သောသီးနှံဖြစ်၍ မိုးရာသီအပြင် ဆောင်းရာသီတွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၏ဦးဆောင်မှုဖြင့် ကျေးလက်နေတောင်သူများ မိုးသီးနှံများသိမ်းဆည်းပြီးချိန် မိမိတို့ လယ်ယာမြေများတွင် ဆောင်းနေကြာကို စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် စတင်စိုက်ပျိုးကြသည်။ ထိုသို့ စိုက်ပျိုးရာတွင် ဆောင်းနေကြာကို တခြားသီးနှံများဖြစ်သည့် မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်းတို့နှင့် သီးညှပ်စိုက်ပျိုးကြသည့်အပြင် နေကြာတစ်မျိုးတည်း သီးသန့် တန်းခြား ၂ ပေ၊ ပင်ကြား ၉ လက်မဖြင့် စိုက်ပျိုးကြသည်။

ထိုသို့ တန်းခြားပင်ကြားဖြင့် စိုက်ပျိုးသည့်ဆောင်းနေကြာမှာ တစ်ဧကလျှင် မျိုးစေ့လေးပြည်မှငါးပြည်အထိ စိုက်ပျိုးကြပြီး တောင်တွင်းကြီးမြို့နယ်မှ ကျေးလက်နေတောင်သူများမှာ ဆောင်းနေကြာကို ဆင်းရွှေကြာ-၂၊ ရေဆင်း-၁ စပ်မျိုး စသည့် မျိုးများကို အဓိကစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source:** https://myawady.net.mm/node/53386

## ဈေးကွက်ထဲသို့ ကုလားပဲများစွာ ဝင်ရောက်လာ

မကွေးတိုင်းဒေသကြီးတွင် ကုလားပဲများပေါ်ထွက်လာပြီဖြစ်၍ ကုန်စည်ဒိုင်များတွင် ကုလားပဲအမျိုးအစားစုံလင်စွာ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်နေသည်။ ကုလားပဲအမျိုးအစားများမှာ ကုလားပဲ(V2)၊ ကုလားပဲ(V6)၊ ကုလားပဲ(HL)၊ ကုလားပဲ(929)စသဖြင့် အမျိုးအစားစုံလင်စွာ ရောင်းချကြသော်လည်း အဓိကအားဖြင့် ကုလားပဲဝါနှင့် ကုလားပဲဖြူဆိုပြီး နှစ်မျိုးနှစ်စားရှိသည်။ ကုလားပဲမှာ ပြည်တွင်းစားသုံးမှုများသည့် သီးနှံဖြစ်သည့်အတွက် ပဲခွဲစက်များနှင့်လှော်လက်များမှ ဝယ်လိုအားရှိနေသည့် အပြင် ပြည်ပဝယ်လိုအားပါရှိသည့် သီးနှံလည်းဖြစ်သည်။

ကုလားပဲများ ဈေးကွက်ထဲသို့ နေရာဒေသအစုံမှ ဝင်ရောက်လာရာ မတ်လဆန်းပိုင်းတွင် အမြင့်ဈေးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပြီး မတ်လဒုတိယပတ်တွင် ဈေးကွက်ထဲသို့ များစွာဝင်ရောက်လာသဖြင့် ဈေးကျဆင်းလာသည်။ ကုလားပဲ(V2) တစ်တင်းလျှင် ကျပ်(၈၆,၅၀၀)၊ ကုလားပဲ(V6) တစ်တင်းလျှင် ကျပ်(၈၆,၈၀၀)၊ ကုလားပဲ(HL)တစ်တင်းလျှင် ကျပ်(၈၄,၀၀၀)၊ ကုလားပဲ(929) တစ်တင်းလျှင် ကျပ်(၈၅,၆၀၀)အထိ ဈေးရရှိခဲ့သည်။

မတ်လဒုတိယပတ်တွင် ကုလားပဲ(V2)တစ်တင်းလျှင် ကျပ်(၈၂,၀၀၀)၊ ကုလားပဲ(V6) တစ်တင်းလျှင် ကျပ်(၈၂,၄၀၀)၊ ကုလားပဲ(HL)တစ်တင်းလျှင် ကျပ်(၇၉,၅၀၀)၊ ကုလားပဲ(929) တစ်တင်းလျှင် ကျပ်(၈၁,၆၀၀)အထိ ဈေးများကျဆင်းလာကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရသည်။

Source: **မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပဲစင်းငုံဈေးမြင့်တက်လာပြီး ယခုရက်ပိုင်းဈေးအေးသွား

မကွေးတိုင်းဒေသကြီးအတွင်းရှိ အောင်လံကုန်စည်ဒိုင်တွင် နှမ်း၊ ပဲမျိုးစုံတို့ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင်ရက်ပိုင်းတွင် ပဲစင်းငုံဈေးမြင့်တက်လာရာမှ ယခုရက်ပိုင်းတွင် ဈေးအေးလာသည်။ ပဲစင်းငုံသည် အိန္ဒိယဝယ်လိုအားရှိသည့် သီးနှံလည်းဖြစ်၍ ပြည်တွင်း လှောင်လက်များမှ ဝယ်ယူကြသဖြင့် ဈေးကောင်းသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပဲစင်းငုံ(နီ)ဈေးမှာ ၂၀ ပိဿာတစ်တင်းလျှင် ကျပ် (၁၃၄၀၀၀) ဈေးအထိ အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ မတ်လဆန်းပိုင်းဖြစ်သည့် မတ်လပထမပတ်တွင် ပဲစင်းငုံ(နီ)ဈေးမှာ ၂၀ ပိဿာတစ်တင်းလျှင် ကျပ် (၁,၂၅,၀၀၀)ဈေးအထိ ပြန်လည်ကျဆင်းလာပြီး မတ်လဒုတိယပတ်တွင် ပဲစင်းငုံ(နီ)ဈေးမှာ ၂၀ ပိဿာတစ်တင်းလျှင် ကျပ်(၁,၂၁,၂၀၀)ဈေးဖြင့် ဈေးအေးနေကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရှိရသည်။

Source: **မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကရင်ပြည်နယ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံ ဈေးနှုန်း/ဈေးကွက်အခြေအနေ

ကရင်ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ်၊ မတ်လ ဒုတိယပတ်အတွင်း ပဲမျိုးစုံ (၁)ပိဿာ ဈေးနှုန်းမှာ ပဲဖြူလေး ၆၀၀၀ ကျပ်၊ ပဲလွန်းဖြူ ၃၀၀၀ ကျပ်၊ ပဲပုပ် ၂၇၀၀ ကျပ်၊ ပဲလွန်းမဲ ၂၉၀၀ ကျပ်၊ ပဲတီစိမ်း (ရွှေဝါ) ၃၅၀၀ ကျပ်၊ မတ်ပဲ ၄၂၀၀ ကျပ်၊ ပဲနောက် ၃၀၀၀ ကျပ်၊ မြေပဲဆန် ၇၀၀၀ ကျပ်၊ ကိုင်းနှမ်း ၆၅၀၀ ကျပ်၊ တောင်ယာနှမ်း ၈၅၀၀ ကျပ် ဈေးနှုန်းဖြစ်ပေါ်နေကြောင်း ဘားအံမြို့၊ မြို့မဈေးရှိ စမ်းသီတာ (ပဲရောင်းဝယ်ရေးလုပ်ငန်း)နှင့် ကမ်းနားလမ်းရှိ (ရွှေကံထူးပွဲရုံ)တို့မှ သိရသည်။ ဖေဖော်ဝါရီလ နောက်ဆုံးအပတ်အတွင်း ပဲဖြူလေး ၁ ပိဿာ ၆၅၀၀ ကျပ်၊ ပဲလွန်းဖြူ ၁ ပိဿာ ၃၂၀၀ ကျပ်၊ ပဲပုပ် ၁ ပိဿာ ၂၇၀၀ ကျပ်၊ ပဲလွန်းမဲ ၁ ပိဿာ ၃၀၀၀ ကျပ်၊ ပဲတီရွှေဝါ ၁ ပိဿာ ၃၇၅၀ ကျပ်၊ မြေပဲဆန် ၁ ပိဿာ ၇၂၀၀ ကျပ်၊ ကိုင်းနှမ်း ၁ ပိဿာ ၆၅၀၀ ကျပ်၊ တောင်ယာနှမ်း ၁ ပိဿာ ၈၅၀၀ ကျပ် ဈေးနှုန်းရှိကြောင်း သိရသဖြင့် ယခုအပတ်နှင့်နှိုင်းယှဉ်ပါက နှမ်းနှင့်ပဲပုပ် ဈေးနှုန်းမှာ တည်ငြိမ်လျက်၍ရှိပြီး၊ ပဲဈေးနှုန်းများ အနည်းငယ်စီကျလျက်ရှိကြောင်း သိရသည်။ ထိုသို့ပဲဈေးနှုန်း ကျဆင်း ရခြင်းသည် ပဲအသစ်ပေါ်ထွက်သည့်ရာသီဖြစ်ခြင်းနှင့် ဘားအံမြို့သို့ ပဲမျိုးစုံဝင်ရောက်လျက်ရှိခြင်းကြောင့်ဖြစ်ကြောင်း ဈေးကွက် စုံစမ်းမှုအရသိရသည်။

**Source: ကရင်ပြည်နယ်ဦးစီးမှူးရုံး**

## STOCK EXCHANGE (15.3.2024)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 15th Mar, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,235 (Shares) | 8,476,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,500 | 8,500 | 8,500 | 156 | 1,326,000 | 33,109,694 | 281,432 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 102 | 295,800 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | +200 | +2.63% | 7,800 | 7,800 | 7,800 | 1 | 7,800 | 10,400,986 | 81,128 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 79 | 118,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,450 | 2 | 4,900 | 12,823,224 | 31,417 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 15 | 26,250 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 3,880 | 6,696,950 | 23,804,946 | 40,468 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 18th Mar, 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 360.85 | +2.38 | +0.66% | 353.92 | 360.85 | 353.92 | 21,543 | 58,533,400 | 8 | 680,638 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 14th Mar, 2024

| Trading Volume | Trading Value |
|---|---|
| 16,697 (Shares) | 42,082,350 (MMK) |

## Main Board

As of 12:30 pm, 14th Mar, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 16,697 (Shares) | 42,082,350 (MMK) |

| MYANPIX | 360.09 ▲ 3.42 |
|---|---|
| Total Volume (shares) | 3,697 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 679,199 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |